အစ္စလာမ်နှင့်လမ်းစည်းကမ်း

လမ်းသွားလမ်းလာများ၏အခွင့်အရေးများ

ဘာသာပြန်ဆိုသူ

မွတ်သီအင်ဒွလ်ဂနီ (နဒ်ဝီ၊ မဇာဟေရီ)

All India Muslim Personal Law Board

မှ ဖြန့်ဝေသော သောကြာနေ့ မိန်ခွန်းအားဘာသာပြန်ဆိုသည်။

အမှာစာ

الحمد لله رب العالمين، والصلاة والسلام على أشرف الأنبياء والمرسلين، سيدنا محمد وعلى آله وصحبه أجمعين، أما بعد.

“အစ္စလာမ် နှင့် လမ်းစည်းကမ်း၊ လမ်းသွား လမ်းလာတို့၏ အခွင့်အရေးများ” အမည်ရှိ ဤကျမ်းငယ်သည် ကျွန်ုပ်၏ချစ်မိတ်ဆွေ ဟဇရသ် မော်လာနာ **မုဖ်သီ အဗ်ဒုလ်ဂနီ** က ရှာဖွေပြီးဘာသာပြန်ဆိုထားသည့် အလွန်တန်ဖိုးကြီးမားသော ဓမ္မသင်ခန်းစာတစ်ရပ် ဖြစ်ပါသည်။

လမ်းများသည် လူ့ဘဝ၏အရေးကြီးသည့်နေရာများဖြစ်ပြီး လူသားတိုင်း၏ အကြောင်းအရာများ ဆုံညီရာ၊ အတူတကွ နေထိုင်ဆောင်ရွက်ရာနေရာလည်း ဖြစ်ပါသည်။ ထို့ကြောင့် လမ်းစည်းကမ်းများကို စနစ်တကျတင်ပြခြင်းသည် အစ္စလာမ်၏ ဘဝ ထောင့်စေ့စွာ လမ်းညွှန်ခြင်း အနုပညာကို ပေါ်လွင်စေပါသည်။

ဤစာအုပ်တွင် ...

လမ်းမပေါ်တွင် မထိုင်ရခြင်း၊ မျက်လွှာချထားခြင်း၊ လမ်းပေါ်မှ မကောင်းမှုနှင့် ဒုက္ခဖြစ်စေမည့် အရာများကို ဖယ်ရှား

ခြင်း၊ စလာမ်ပြန်ခြင်း၊ ကောင်းရာညွှန်၍ မကောင်းမှုမှ တားမြစ်ခြင်း စသည့် သန့်ရှင်းသပ်ယပ်သော အစွမ်းလာမ့်ယဉ်ကျေးမှုနှင့် ကျင့်ဝတ်များကို ရှင်းလင်းစွာတင်ပြထားပါသည်။

ဤဝတ္တရားများ၊ စည်းကမ်းများသည် **လူမှုဘဝ အေးချမ်းသာယာရေး၊ အပြန်အလှန် မေတ္တာချစ်ကြည်ရေး** ကို တည်ဆောက်ပေးမည့် အမှန်တကယ် အလွန်တန်ဖိုးကြီးသော လမ်းညွှန် အလင်းတိုင်များဖြစ်ကြောင်း ယုံကြည်မိပါသည်။

အွမ္မသ်အတွက် သောကအပြည့်ဖြင့် ဖွေရှာ တင်ပြပေးသော ဟဇရသ်မော်လာနာ မုဖ်သီ အဗ်ဒုလ်ဂနီ၏ ဘဝကဏ္ဍအလုံးစုံတွင် အရှင်မြတ် မဂ်လာများ ချီးမြှင့်ပေးသနားတော်မူပါစေ။ မြတ်တော်မူသော အရှင်မြတ် ဤကျမ်းငယ်ကို လက်ခံသဘောတူတော်မူပြီး ဖတ်ရှုသူ၊ လိုက်နာသူအပေါင်း သူတော်ကောင်းတို့ကိုလည်း နှစ်ဘဝနှစ်ဌာတွင် ကောင်းသော အစားများ ချီးမြှင့်ပေးသနားတော်မူပါစေ။

မုဟမ္မဒ် အာစွင်းမ်

နဒ်ဝီ၊ အဗုလ်ဟစနီ၊ မဇ္ဈာဟ့ရီ

ဟစ်ဂျ်ရီ(၁၄၄၇)ခု၊ ဂျူမာဒလ်အုခ်ရာ၊ (၁၀)ရက်

၂-၁၂-၂-၂၅ (အင်္ဂါနေ့)

بسم الله الرحمن الرحيم

الحمد لله وحده، والصلاة والسلام على من لا نبي بعده!

လေးစာအပ်ပါသော လူကြီးမင်းများခင်ဗျာ ...

အစ္စလာမ်သာသနာသည် ဘဝသက်တမ်း၏ ပြီးပြည့်စုံသော လမ်းညွှန်ချက်တစ်ခုဖြစ်သည်။ ၎င်းလမ်းညွှန်ချက်သည် လူ့ဘဝသက်တမ်း၏ ကဏ္ဍအသီးသီးအတွက် လမ်းညွှန်မှုပြုထားပေသည်။ ၎င်းလမ်းညွှန်ချက်များသည် နမာဇ်၊ ရိုဇာနှင့် တခြားသော ခဝပ်မှုများတွက်သာ သီးသန့်မဟုတ်ပေ။ လူသားတို့၏ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ၊ လူမှုဆက်ဆံရေး၊ ကူးသန်း ရောင်းဝယ်ရေး၊ နေ့စဉ်လုပ်ငန်းဆောင်တာများအတွက်ပါ ညွှန်ကြားမှုများ ပြုထားပေသည်။

၎င်းကဏ္ဍများနှင့် စပ်လျဉ်း၍ ညွှန်ကြား ထားသော အစ္စလာမ့်ညွှန်ကြားမှုများကို အများမွတ်စ်လင်မ်တို့က ဥပေက္ခာပြုထားကြပေသည်။

ထိုကဏ္ဍများထဲမှာ ကဏ္ဍတစ်ခုသည် “**လမ်းစည်းကမ်း၊ လမ်းသွားလမ်းလာတို့အားပေးဆပ်ရမည့် တာဝန်ဝတ္တရားများ**” ကဏ္ဍဖြစ်သည်။

ဝမ်းနည်းဖွယ်ကောင်းသော အချက်မှာ ကျွန်ုပ်တို့သည် အရောင်းအဝယ်၊ နေကာဟ်၊ နမား၆၊ ရိ၎၁၊ ဇကားသ်တို့နှင့် သက်ဆိုင်သည့် အမိန့်ပညတ်ချက်များကို အရေးတယူ တင်ပြ ပြောဆိုသော်ငြားလည်း နေ့စဉ် ကြုံကြိုက်နေရသည့် လမ်း၊ လမ်းသွားလမ်းလာတို့နှင့် သက်ဆိုင်သည့် ကျင့်ဝတ်များကို ဥပေက္ခာပြုထားကြသည်။ ဤ သေးငယ်လှသည့် ကိစ္စလေးသည် လူ့အသင်းအဖွဲ့ ကောင်းမွန်တိုးတက်ခြင်း၊ ကျဆင်း ဆုတ်ယုတ်ခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေပေသည်။

လမ်းဟုဆိုသည်မှာ လမ်းမကြီးများကိုသာ ဆိုလိုသည် မဟုတ်၊ ရပ်ကွက်အတွင်းရှိ လမ်းကြိုလမ်းကြား၊ အိမ်ရှေ့မျက်နှာ သာလမ်း၊ ကျောင်းလမ်း၊ စျေးလမ်း အားလုံးသည် လမ်းဟု မည်တွင်ပေသည်။

တမန်တော်မြတ် (ﷺ) သည် လမ်းစည်းကမ်းနှင့် စပ် လျဉ်း၍ လေးလေးနက်နက်၊ ရှင်းရှင်းလင်းလင်း လမ်းညွှန်ချက် များ တင်ပြထားပေသည်။ တမန်တော်မြတ် (ﷺ)၏ လမ်းညွှန်

ချက် များအပေါ်တွင် လျှောက်လှမ်းခြင်းဖြင့် တဖက်သားတို့ လွယ်ကူချော့မွေ့ပြီး၊ သက်သောင့်သက်သာမှုကို ရရှိမည်ဖြစ်သည်။

လမ်းပေါ်တွင်ထိုင်ခြင်းအားတားမြစ်ထားခြင်းနှင့် လမ်းစည်းကမ်းများ

တမန်တော်မြတ် (ﷺ) သည် လူ့ပတ်ဝန်းကျင် အေးချမ်းတည်ငြိမ်ရေးနှင့် အချင်းချင်းကြား စာနာထောက်ထားမှု ရှိစေရန် နေ့စဉ် လုပ်ငန်းဆောင်တာများထိပါ လမ်းညွှန်ထားပေသည်။

ထိုလမ်းညွှန်ချက်များထဲမှ လမ်းညွှန်ချက်တစ်ခုမှာ- လမ်းပေါ် ထိုင်ခြင်းအား တားမြစ်ထားခြင်းဖြစ်သည်။

ဟဒီးရသ် အဗူစအီးဒ် ခွဒ်ရီ (ﷺ) ဆင့်ပြန်ခဲ့သည်- တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည်-

عن أبي سعيد الخدري رضي الله عنه قال: قال رسول الله صلى الله عليه وسلم: "إياكم والجلوس في الطرقات". فقالوا: يا رسول الله ما لنا من مجالسنا بدٌّ نتحدث فيها. قال: "فإذا أبيتم إلا المجلس فأعطوا الطريق حقَّه". قالوا: وما حق الطريق؟ قال: "غض

البصر، وكفُّ الأذى، وردُّ السلام، والأمر بالمعروف والنهي عن المنكر". (صحيح البخاري: كتاب المظالم والغصب: باب إياكم والجلوس في الطرقات: رقم الحديث: ٦٢٢٩).

"အသင်တို့သည် လမ်းပေါ်တွင် မထိုင်ကြလေနှင့်" ဆွဟာဗဟ်များက အို-ကိုယ်တော်၊ ကျွန်တော်တို့သည် (ရံဖန်ရံခါ) မဖြစ်မနေ လမ်းပေါ်တွင် ထိုင်ကြရန် လိုအပ်ပါသည်။ ထိုအခါ တမန်တော်မြတ် (ﷺ) က ဤသို့ စည်းကမ်းချက်များ သတ်မှတ်ပေးလျက် ခွင့်ပြုသည်မှာ- "ဤသို့ဆိုလျှင် အသင်တို့သည် လမ်းနှင့်သက်ဆိုင်သည့် ဝတ္တရားများ၊ စည်းကမ်းများကို စောင့်ထိန်းကြကုန်" ထိုအခါ ဆွဟာဗဟ်များက လမ်း၏ ဝတ္တရားများ ဆိုသည်မှာ အဘယ်အရာ များပါနည်း၊ ထိုအခါ တမန်တော်မြတ် (ﷺ) က အလွန် ကျစ်လျစ်လှသည့် စကား လုံးများဖြင့် အမိန့်ရှိတော်မူသည် - "အသင်တို့၏ မျက်လွှာများကို ချထားပါ။ လမ်းသွားလမ်းလာများကို ဒုက္ခအခက်အခဲ မဖြစ်စေပါနှင့်။ စလာမ်ပေးသူအား စလာမ်ပြန်ပါ။ အကောင်းကို ညွှန်ကြားပြီး မကောင်းမှုမှ ဟန့်တားပါ။"

အကယ်၍ ကျွန်ုပ်တို့ လမ်းများ၊ ဈေးများနှင့် လူစုလူဝေးတို့တွင် ဤလမ်းညွှန်ချက်များကို လိုက်နာကျင့်သုံးကြပါမူ အဘယ်မျှ အေးချမ်းသာယာသည့် လူ့အသိုင်းအဝိုင်းတစ်ခု ဖြစ်ပေါ်လာပါမည်နည်း။

မျက်လွှာများကို ချထားခြင်း

အစ္စလာမ်သာသနာသည် လမ်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များတွင် ပထမ ဦးစားပေးနေရာ၌ မျက်လွှာထိန်းသိမ်းခြင်း ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လမ်းဆိုသည်မှာ လူပေါင်းစုံ သွားလာသည့်နေရာဖြစ်သည်။ အမျိုးသားများ သွားရာ လမ်း ဖြစ်သကဲ့သို့ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ အသက် အရွယ်ကြီးသူများ သွားရာလမ်းလည်းဖြစ်ပေသည်။

ဤသို့သော လမ်း၊ ပတ်ဝန်းကျင်တွင် မျက်လွှာအား ထိန်း သိမ်းမှုမပြုဘဲ တဏှာမျက်စိဖြင့် ကြည့်ရှုမည်ဆိုပါက ကျွန်ုပ်တို့ ၏ ပတ်ဝန်းကျင်သည် ပြဿနာများ စုဝေးရာ၊ အရှက်ကင်းမဲ့ခြင်း တို့ ဖြန့်ကြက်ရာ နေရာများအဖြစ် ပြောင်းလဲသွားမည်မှာ အမှန် တကယ်ပင်ဖြစ်သည်။

ထို့ကြောင့် မွတ်စ်လင်မ်ကျမ်းတွင် တမန်တော်မြတ်(ﷺ) က ရုတ်တရက် မြင်တွေ့လိုက်ရသည့် ရှောင်တခင် အရှုနှင့် စပ်လျဉ်း၍ ချက်ချင်း မျက်နှာလွှဲရန် မိန့်တော်မူခဲ့သည်။

(မွတ်စ်လင်မ်ကျမ်း - ဟဒီးဆ်နံပါတ် - ၂၁၅၉)

သို့မှသာ စိတ်နှလုံးတွင် ရှိုင်သွာန်၏ လှည့်ဖျားမှု မကိန်း အောင်းနိုင်မည်ဖြစ်သည်။

မျက်လွှာချထားလျက် လျှောက်လှမ်းသွားလာခြင်းသည် အမျိုးသမီးများကို လေးစားတန်ဖိုးထားခြင်း သက်သက်မျှသာ မဟုတ်ဘဲ လူသား၏ ဝိညာဉ်ပိုင်းဆိုင်ရာသန့်ရှင်းပြီး၊ မိမိစိတ် နှလုံးကို ထိန်းသိမ်းရာလည်းရောက်မည်။ အီမာန်၏ ခိုင်မြဲမှု လည်း ပိုမိုအားကောင်းလာရန် အကြောင်းခံ ဖြစ်မည်။

လမ်းတွင် သွားလာနေချိန် တစ်စုံတစ်ယောက်၏ အိမ် အတွင်းသို့ ကြည့်ရှုခြင်း၊ တစ်စုံတစ်ယောက်၏ ဖုန်း Screen နှင့် ကိုယ်ပိုင်ပစ္စည်းများကို အခွင့်မဲ့ လှမ်းကြည့်ခြင်း စသည်တို့သည် တစ်ပါးသူအား ဒုက္ခပေးခြင်းတွင် အကြုံးဝင်ပေသည်။

ဤနည်းအတိုင်း လမ်းတွင် မျက်လွှာထိန်းသိမ်းသကဲ့သို့ စေျး၊ ကျောင်း၊ ရုံးများနှင့် လူအများသွားလာသည့် နေရာများတွင်

လည်း မျက်လွှာထိန်းသိမ်းရန်မှာ အရေးကြီး တာဝန်တစ်ခုဖြစ်သည်။ အစ္စလာမ်သာသနာသည် မွတ်စ်လင်မ်တိုင်း မိမိ အရှုများ သန့်ရှင်းရန်၊ သူတစ်ပါး၏ ဂုဏ်သိက္ခာအားထိန်းသိမ်းရန်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး သန့်ရှင်း ငြိမ်းချမ်းရန် လိုလားပေသည်။

လမ်းမှလမ်းသွားလမ်းလာများအတွက်ဒုက္ခဖြစ်စေမည့် အရာများကို ဖယ်ရှားခြင်း

အစ္စလာမ်သာသနာသည် လမ်းနှင့်သက်ဆိုင်သည့် ကျင့်ဝတ်များ၏ ဒုတိယကဏ္ဍအနေနှင့် လူတို့အား ဒုက္ခဖြစ်စေမည့် အရာ ဟူဟူသရွေ့ကို ဖယ်ရှားရန် အမိန့်ပေးထားပေသည်။

တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် - အီမာန်ယုံကြည်မှု၏ ကဏ္ဍ-အကိုင်းအလက်များအနက် အနိမ့်ဆုံး ကဏ္ဍသည် လမ်းတွင် ဒုက္ခဖြစ်စေမည့် အရာကို ဖယ်ရှားခြင်းဖြစ်သည်။

(မွတ်စ်လင်မ်ကျမ်း - ဟဒီးဆ်နံပါတ် - ၃၅)

အခြားဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ - တစ်ဦးတစ်ယောက်သည် လမ်းပေါ်ရှိ ဆူးတစ်ချောင်းကို ဖယ်ရှားလိုက်

ပါက အလွှာဟ်အရှင်မြတ်သည် ၎င်းသူ၏ လုပ်ရပ်ကို နှစ်သက်တော်မူလျှက် ၎င်းသူ၏ ပြစ်မှုများကို ခွင့်လွှတ်တော်မူသည်။

ဤဟဒီးဆ်များမှ သိရှိလိုက်ရသည့်အချက်မှာ အစ္စလာမ်သာသနာသည် သေးသေးမွှားမွှားကိစ္စများကြောင့် မြောက်မြားစွာသော အကျိုးဆဝါးဗ်များ ရရှိပေသည်။ အဓိကအချက်မှာ လူတို့အား ငြိမ်းချမ်း ပျော်ရွှင်စေခြင်းသည် အဓိကဖြစ်သည်။

ယနေ့ခေတ်သမယတွင် လမ်းပေါ်ရှိ ဆူးငြောင့်ခလုတ်သည်သာ လူတို့အား ဒုက္ခပေးသည့်အရာမဟုတ်၊ ကျင်းများ၊ အုတ်ခဲများ၊ ဖန်ကွဲ မှန်ကွဲများ၊ ပလတ်စတစ်များ၊ ငှက်ပျောခွံများ၊ ရေဆိုးများ၊ ဆောက်လုပ်ရေးပြီးသည့်နောက် ကျန်ရှိခဲ့သည့် အင်္ဂတေများ၊ လမ်းများကို ပိတ်၍ ဆိုင်ခင်းခြင်း၊ စသည့် အရာအားလုံးသည် တစ်ပါးသူတို့အား ဒုက္ခပေးသည့်အရာများတွင် ပါဝင်ပေသည်။

သို့သာမက စည်းစနစ်မဲ့ ကား၊ ဆိုင်ကယ်ရပ်ခြင်းသည်လည်း လူတို့အား ဒုက္ခဖြစ်စေသည်။ အစ္စလာမ်သာသနာက ဤလုပ်ရပ်ဆိုးများကို ဇုလ်မ်-မတရားမှု ဟု သတ်မှတ်ထားပေသည်။

အစ္စလာမ်သာသနာ၏ အလှတရားတစ်ခုမှာ မွတ်စ်လင်မ်တို့ ရှိသည့်နေရာတိုင်းတွင် လွယ်ကူချောင်ချိမှု ရှိစေရေးကို ရှေ့တန်းတင်၍ ဒုက္ခမဖြစ်စေရေးကို ဦးစားပေးသော စနစ်ဖြစ်သည်။ ဤလမ်းစဉ်သည်သာလျှင် လူ့ပတ်ဝန်းကျင်အတွက်စနစ်တကျ ငြိမ်းချမ်းမှု ဖော်ဆောင်ပေးနိုင်မည် ဖြစ်သည်။

စလာမ်ပေးသူအား စလာမ်ပြန်ခြင်း

အစ္စလာမ်သာသနာသည် လမ်းစည်းကမ်းနှင့်စပ်လျဉ်းပြီး တတိယနေရာတွင် စလာမ်ပြန်ခြင်းကို နေရာပေး ထားပေသည်။ အဘယ့်ကြောင့်ဆိုသော် လမ်းဆိုသည်မှာ လူတို့ တစ်ဦးနှင့်တစ်ဦး တွေ့ဆုံသည့် အများဆုံးနေရာဖြစ်သည်။ စလာမ်ဆိုသည်မှာ နူတ်ခွန်းဆက် စကားလုံးတစ်ခုမျှသာမဟုတ် ... အချစ်၊ တစ်ပါးသူအပေါ် အကောင်းလိုလားခြင်းနှင့် ငြိမ်းချမ်းမှု ၏ ပြယုဂ် တစ်ခုလည်းဖြစ်သည်။

တမန်တော်မြတ်(ﷺ)အမိန့်ရှိတော်မူသည်-“အသင်သည် မိမိသိသူကိုဖြစ်စေ၊ မသိသူကိုဖြစ်စေ စလာမ်မေတ္တာပို့သပါ”။

(ဗိုခါရီကျမ်း - ဟဒီးဆ်နံပါတ် - ၆၂၃၆)

မိမိ သိကျွမ်းသူကိုသာ စလာမ်မပေးလေနှင့်။ စလာမ် ပေးရာတွင် မိမိက လက်ဦးမှုရယူ၍ စလာမ်ပေးခြင်းသည် စွန္နသ် ဖြစ်သည်။ စလာမ်ပေးလာသူအား စလာမ်ပြန်ခြင်းသည် ဝါဂျိဗ် ဖြစ်သည်။ စလာမ်မပြန်ခြင်းက မောက်မာခြင်း၊ အဆက်ဖြတ် ခြင်း၏ အဓိပ္ပါယ်ဆောင်သည်။

အစ္စလာမ်သာသနာသည် လမ်းများပေါ်၌ အချင်းချင်း စလာမ်ပေး၍ တစ်ဦးနှင့်တစ်ဦး မုန်းတီးမှုကို ဝေးကွာစေပြီး မွတ်စ်လင်မ်အချင်းချင်းကြားတွင် နူးညံ့သိမ်မွေ့လျက် တစ်ဦးနှင့် တစ်ဦး နီးစပ်မှုကို အထူးလိုလားပေသည်။

ဟဒီးဆ်တော်တွင် လာရှိသည်မှာ - "اَلسَّلَامُ عَلَيْكُمْ ဟု စလာမ်ပေးလျှင် အကျိုးဆဝါးဗ် ဆယ်ဆရမည်။ အပြည့်အစုံ اَلسَّلَامُ عَلَيْكُمْ وَرَحْمَةُ اللهِ وَبَرَكَاتُه ဟုစလာမ်ပေးလျှင် အကျိုးဆဝါးဗ် အဆ သုံးဆယ် ရမည်ဖြစ်သည်။"

(အဗူဒါဝူးဒ်ကျမ်း - ဟဒီးဆ်နံပါတ် - ၅၁၅၉)

ယနေ့ခေတ်သမယတွင် စလာမ်ကိုအလေးမထားခြင်း၊ ဖုန်းတွင် မွေ့လျော်နေခြင်းတို့ကြောင့် စလာမ်ပြန်ခြင်းကို အလေး မထားကြတော့ပေ။ ဤသည်မှာ အစ္စလာမ့်အဆုံးအမများနှင့်

ဆန့်ကျင်သည်သာမက တစ်ဦးနှင့်တစ်ဦးကြား စိမ်းကားမှုဖြစ်စေရန် အကြောင်းခံဖြစ်သည်။ ထို့အတွက်ကြောင့် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ချစ်ခင် ရင်းနှီးမှု၏ အလင်းတန်းများ ကွန့်မြူးစေရန် လမ်းတိုင်းတွင် စလာမ်မေတ္တာကို ဖြန့်ကြက်ရမည်ဖြစ်သည်။

ကောင်းရာညွှန်၍ မကောင်းမှုမှ တားမြစ်ခြင်း

အစ္စလာမ်ကညွှန်သော လမ်းစည်းကမ်းများအနက် စတုတ္ထမြောက် ကျင့်ဝတ်မှာ ကောင်းမှုများကို နှိုးဆော်တိုက်တွန်း၍ မကောင်းမှုများမှ တားမြစ်ခြင်း ကဏ္ဍဖြစ်သည်။

လမ်းဆိုသည်မှာ လူအများ သွားလာသည့်နေရာ ဖြစ်သည့်အတွက် ၎င်းနေရာတွင် အကောင်းများလည်း မြင်တွေ့ရသကဲ့သို့ မကောင်းမှုများလည်း တွေ့ရနိုင်ပေသည်။ ထိုအခြေအနေတွင် မွတ်စ်လင်မ်တစ်ဦး၏ တာဝန်မှာ တစ်စုံတစ်ယောက်အား ဒုက္ခမဖြစ်စေဘဲ နူးညံ့သိမ်မွေ့သော အပြောအဆို အမူအယာဖြင့် ဤသို့ရှင်းပြရမည် ဖြစ်သည် - တမန်တော်မြတ်(ﷺ)ကအမိန့်ရှိတော်မူသည် - “မကောင်းမှုတစ်ခုကို မြင်တွေ့ပါက လက်ဖြင့်ဟန့်တား

ရမည်။ ဤသို့ မစွမ်းနိုင်ပါက နှုတ်ဖြင့် တားမြစ်ရမည်။ ဤမျှပင် မစွမ်းနိုင်ပါက နှလုံးသားတွင် မကောင်းမှုဟု မှတ်ချက်ပြုရမည်။ ဤသည် အီမာန်ယုံကြည်မှု၏ အနိမ့်ဆုံးအဆင့်ဖြစ်သည်။”

(မွတ်စ်လင်မ်ကျမ်း - ဟဒီးဆ်နံပါတ် - ၄၉)

ဤသို့ ဟန့်တားရမည့်အချက်များတွင် အောက်ပါ အချက်များ အားလုံး ပါဝင်ပေသည် ...

- ❖ တစ်စုံတစ်ယောက် မိမိယာဉ်အား တားမြစ်ထားသည့် နေရာတွင် တားမြစ်ထားသည့်ပုံစံဖြင့် ပါကင်-ရပ်နားမှု ပြုခြင်း။
- ❖ လမ်းပိတ်ရပ်ခြင်း။ လမ်းပိတ်စေရန် အကြောင်းခံဖြစ်စေခြင်း။
- ❖ လမ်းတွင် ဆူညံမှုပြုခြင်း။
- ❖ အမှိုက်နှင့် အညစ်အကြေးများစွန့်ပစ်ခြင်း။
- ❖ တစ်စုံတစ်ယောက်၏ အိန္ဒြေသိက္ခာကို ထိခိုက်စေခြင်း။

ဤအချက်များကို ဟန့်တားမှုပြုရမည်ဖြစ်သည်။

အကောင်းပြုရမည့် ကဏ္ဍများမှာ ...

- ❖ လမ်းသွား လမ်းလာများအတွက် လမ်းပေးခြင်း။

- ❖ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့အား လိုက်နာခြင်း။
- ❖ သက်ကြီး ရွယ်ကြီးများ၊ အမျိုးသမီးများကို ကူညီ ဖေးမ ခြင်း။
- ❖ ကလေးသူငယ်များကို ထိခိုက်နစ်နာစေခြင်းမှ ကူညီ စောင့်မခြင်း။

ဤအချက်အားလုံးသည် ကောင်းရာညွှန်ကြား မကောင်းမြစ်တားသည့် ကိစ္စ၌ ပါဝင် ပေသည်။

မွတ်စ်လင်မ်များသည် ဤကိစ္စများတွင် အားကြိုးမာန်တက် ပါဝင်ရမည် ဖြစ်သည်။

မွတ်စ်လင်မ်များအနေဖြင့် လမ်းများတွင် အကောင်းပြု သူများအဖြစ်ဆောက်ရွက်၍ မကောင်းမှုများမှ တားမြစ်သည့် တာဝန်ကို ထမ်းရွက်သူများ ဖြစ်ကြပါလျှင် လူ့ပတ်ဝန်းကျင်သည် အလိုအလျောက် စည်းစနစ်ကျသော၊ အစွန်လာမ့်ကိုယ်ကျင့်တရား များ စီခြယ်ထားသော ပတ်ဝန်ကျင်အဖြစ် ပြောင်းလဲသွားမည်မှာ မလွဲမသွေပင် ဖြစ်သည်။

အကောင်းဆုံးလူသားနှင့် အဆိုးဆုံးလူသား

တမန်တော်မြတ် (ﷺ) က လူသား၏ လုပ်ရပ်နှင့် ၎င်း လုပ်ရပ်၏ သက်ရောက်မှုကို မွန်မြတ်မှုဆိုသော ချိန်ခွင်တွင် ဤ အတိုင်း ချိန်စက်ပြသတော်မူခဲ့သည် ...

တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် - "အလ္လာဟ် အရှင်မြတ်ထံတွင် အကောင်းဆုံးသော လူသားမှာ ၎င်းထံမှ (လူတို့က) အကောင်းကို မျှော်လင့်ရပြီး (လူတို့က)၎င်းသူ၏ မကောင်းပြုမှုမှ ငြိမ်းချမ်းရသူဖြစ်သည်။"

(သိရိမေဇီကျမ်း - ဟဒီးဆ်နံပါတ် - ၂၂၆၃)

စစ်မှန်သော မွတ်စ်လင်မ်ဆိုသည်မှာ လူတို့သည် ၎င်းသူ အား မြင်တွေ့ရသည်နှင့် စိတ်အေးချမ်းရပြီး၊ ၎င်းသူ၏ ဒုက္ခပေးမှု ကို မစိုးရိမ် မကြောင့်ကြရသူဖြစ်သည်။ သို့သာမက ၎င်းသူ လူတို့ အနီးအပါး၌ ရှိနေခြင်းသည် လူတို့အတွက် သက်သာ ချောင်ချိမှု ဖြစ်စေပြီး အကျိုးဖြစ်ထွန်းမှု ရရှိမည်။

ထို့အတူ တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် - "လူတို့အနက် အဆိုးဆုံးသောသူမှာ လူတို့သည် ၎င်းသူ၏

ဒုက္ခပေးမှုကို ကြောင့်ကြ စိုးရိမ်နေကြရသောကြောင့် သူနှင့် ထိတွေ့ ဆုံတွေ့မှု မပြုကြတော့ပေ။”

(အဗူဒါဝူးဒ်ကျမ်း - ဟဒီးဆ်နံပါတ် - ၄၃၄၅)

ကိုယ်ကျင့်တရားညံ့ဖျင်းပြီး နှုတ်ကြမ်း၊ လက်ကြမ်းခြင်း ကြောင့် လူတို့သည် ၎င်း၏ အနားသို့ ချဉ်းကပ်ရန်ပင် ကြောက်ရွံ့ နေရသော လူဖြစ်သည်။

ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်တွင် ဤသို့သော လူတို့ အားလည်း မြင်တွေ့ရပေသည်။ ၎င်းသူတို့သည် မိမိအစီးအနှင်း ကို နေရာမမှန်၊ နည်းမမှန်သည့် ပုံစံဖြင့် ပိတ်ရပ်၍ လူတို့အား ဒုက္ခပေးလေ့ရှိသည်။ လူသွားလမ်းတွင် ဆူညံမှုများပြုလုပ်လေ့ ရှိသည်။ ပြသနာရှာတတ်သော ဗီဇများရှိ၍ တစ်ပါးသူ၏ ဂုဏ် သိက္ခာကို မငဲ့ကွက်တတ်ကြပေ။ ဤ မကောင်းမှုများမှ ရှောင်ရှား ရန် အလွန်ပင် အရေးကြီးလှပေသည်။

အစ္စလာမ်သာသနာ၏ စံချိန်မီလှသည့် တိုင်းတာမှုမှာ အလွန်အင်မတန် ရှင်းလင်းပြတ်သားလွန်းလှပေသည် ။

တစ်ပါးသူအတွက် လွယ်ကူမှု ဖန်တီးပေးသူသည် အကောင်းဆုံးလူသားဖြစ်၍ တစ်ပါးသူအတွက် အခက်အခဲ ဖန်တီးသူသည် မကောင်းဆုံးသောလူသားဖြစ်သည်။

နိဂုံးချုပ်စကား

အစ္စလာမ်သာသနာ၏ ရေသောက်မြစ်သည် သူတစ်ပါး အား အကျိုးပြုခြင်း၊ ဦးစားပေးခြင်း၊ ငြိမ်းချမ်းစေခြင်း၊ အကောင်း လိုလားခြင်းတို့မှ မြစ်ဖျားခံလေသည်။

တမန်တော်မြတ် (ﷺ) အမိန့်ရှိတော်မူသည် - "မွတ်စ်လင်မ်ဆိုသည်မှာ - ၎င်း၏ နှုတ်၊ လက်မှ တစ်ပါးသူတို့ ငြိမ်းချမ်းမှု ရရှိသော သူဖြစ်သည်။"

တခြားသော ဆင့်ပြန်ချက်တစ်ခုတွင် လာရှိသည်မှာ - "တစ်ပါးသူအား အကောင်းပြုရန် မစွမ်းနိုင်ပါက အနည်းဆုံးမှာ မကောင်းမပြုရပေ။ ဤသည် အသင့်အတွက် အလျှဒါန တစ်ခု ဖြစ်လေသည်။"

စဉ်းစားကြည့်ပါ၊ တမန်တော်မြတ် (ﷺ) က လူ့ပတ်ဝန်းကျင်း၏ ပြုပြင်ပြောင်းလဲရေးအတွက် အဘယ်မျှ လွယ်ကူလှသည့် လမ်းညွှန်မှု ပြုခဲ့ပါသနည်း။ အသင်သည် လူတို့အတွက် အကောင်းပြုသူမဖြစ်နိုင်လျှင် အနည်းဆုံးအနေနှင့် မကောင်းပြုသူ မဖြစ်ရန် ညွှန်ကြားခဲ့ပေသည်။ ဤသည် အကောင်းဆုံးသော လုပ်ရပ်တစ်ခုဖြစ်ပေသည်။

ကျွန်ုပ်တို့၏ အိမ်၊ လမ်းနှင့် ပတ်ဝန်းကျင်တွင် အဓိက လိုအပ်နေသည့်အချက်မှာ ဤအချက်ပင်ဖြစ်သည်။ အကယ်၍ မွတ်စ်လင်မ်တိုင်းသည် မိမိကြောင့် တစ်ပါးသူ ဒုက္ခမဖြစ် စေရ ဟူသန္နိဋ္ဌာန်ချလိုက်မည်ဆိုပါက ကျွန်ုပ်တို့၏ လူ့ပတ်ဝန်းကျင်သည် ဂျန္နသ်၏ အရိပ်အာဝါသ ဖြစ်သွားပေမည်။

ထို့ကြောင့် ကျွန်ုပ်တို့ တစ်ဦးတိုင်းအနေဖြင့် လမ်းနှင့် သက်ဆိုင်သည့် ကျင့်ဝတ်များကို လိုက်နာပါမည်၊ လမ်းသွား လမ်းလာများအတွက် သာယာငြိမ်းချမ်းမှုကို ဦးစားပေးပါမည်၊ မိမိပတ်ဝန်းကျင်တွင် မိမိက အစပြု၍ အစွန်လာမ့် လမ်းညွှန်ချက်များနှင့်အညီစံပြုထိုက်သည့် နမူနာအဖြစ် နေထိုင်ပါမည်ဟု ကတိပြုကြပါ။

အလ္လာဟ်အရှင်မြတ် ကျွန်ုပ်တို့အားလုံးအား တစ်ပါးသူကို အကျိုးပြုသူများအဖြစ် ပြုလုပ်ပေးသနားပြီး တစ်ပါးသူအား ဒုက္ခပြုသူများအဖြစ်မှ ထိန်းသိမ်းတော်မူပါ။ အာမီးန် ...

وآخر دعوانا أن الحمد لله رب العالمين